# ရှုန်းကန်ခြင်း

ပိုးတုံးလုံးလေးတစ်ကောင် ရှိနေတဲ့ ပိုးအိမ်ကလေးကို တွေ့လိုက်ရတဲ့သူတစ်ဦးဟာ လိပ်ပြာဖြစ်လာမယ့် ထိုပိုးတုံးလုံး လေးရဲ့ သဘာဝကို စူးစမ်းလေ့လာချင်တဲ့အတွက် ထိုပိုးအိမ်ကလေးကို မိမိအိမ်ကိုပြန်ယူလာခဲ့ပါတယ်။ ဒီလိုနဲ့တစ်ရက်မှာ ပိုးအိမ်မှ အပေါက် ကလေးတစ်ပေါက်ပွင့်ထွက်လာပြီး ပိုးတုံးလုံးကလေးဟာလည်း အပြင်ထွက်ဖို့ကြိုးစားနေတာကို သူတွေ့ လိုက်ရပါတော့တယ်။ အလွန်သေးငယ်လှတဲ့ အပေါက်ကျဉ်း ကလေးကနေ သူ့ရဲ့ခန္ဓာကိုယ်ကြီးတခုလုံးကို ရုန်းထွက်နိုင်ဖို့ ဆိုတာကလည်း အတော့်ကိုမဖြစ်နိုင်တဲ့ အနေအထားဖြစ်မှန်း ထိုသူတွေ့လိုက်ရတဲ့အခါ ပိုးတုံးလုံးလေးကို သနားသွားပါတယ်။

ထိုပိုးတုံးလုံးရဲ့ရုန်းကန်နေရတဲ့အခြေအနေကို အချိန်အတန်အကြာထိ သူကြည့်ပြီးတဲ့အခါမှာတော့ မြင်ရတာတွေ အားလုံးဟာ သူ့ကို စိတ်မချမ်းမသာ ဖြစ်သွားစေခဲ့ပါတယ်။ တစ်ခုခုလိုနေပြီးဖြစ်ရမယ်လို့ သူယူဆရင်း အပေါက်ငယ် လေးကိုချဲ့ပေးရန် ကပ်ကြေးကို ယူလိုက်ပါတယ်။ ထိုသေးငယ်လှသော အပေါက်ကလေးရဲ့ ဘေးကပ်ရက်ကို ကပ်ကြေးနဲ့ အနည်းငယ်ညှပ်ပေးခြင်းအားဖြင့် ထိုအပေါက်ကိုချဲ့ရင်း အကူအညီပေးလိုက်ပါတယ်။ ဒီအခါ ပိုးတုံးလုံးလေးရဲ့ ခန္ဓာကိုယ်တခုလုံးဟာလည်း လွယ်လွယ်ကူကူနဲ့ ပိုးအိမ်ရဲ့ အပြင်ကိုထွက်လာနိုင်ခဲ့ပါတယ်။ ထွက်လာသော ပိုးတုံးလုံးလေးရဲ့ခန္ဓာကိုယ်မှာ အရည်များနဲ့ပြည့်နေပြီး သူ့မှာသေးငယ်ပြီး ကျုံ့ကျုံ့လေးဖြစ်နေတဲ့ အတောင်ပံကလေးနှစ်ခုလည်း ပါရှိပါတယ်။ ထိုလူလည်း ထိုပိုးတုံးလုံးကလေးကို ကြည့်ရင်း နာရီအနည်းငယ်အတွင်းမှာ အတောင်ပံလေးတွေ ကားထွက်လာပြီးရင်တော့ လိပ်ပြာဖြစ်သွားမယ်လို့ မျှော်လင့်မိပါတယ်။ မကြာမီအချိန်အတွင်းမှာ အတောင်ပံကားကားလေးနဲ့ ထပျံသွားတာကို သူမြင်ရမယ်လို့လည်း စဉ်းစားမိသွားပါတယ်။ သို့သော် အချိန်အတော်ကြာလာသည့်တိုင်အောင် ပိုးတုံးလုံးလေးရဲ့ အခြေအနေဟာ မတိုးတက်လာတဲ့အပြင် သူဟာယောင်ကိုင်းနေသော သူ့ရဲ့ကိုယ်လုံးကို ဆန့်ငင်ဆန့်ငင်နှင့် သယ်ဆောင်နေရတဲ့ပုံစံ မျိုးထွက်ပေါ်လာပါတယ်။ အတောင်ပံလေးတွေကလည်း ကျုံ့ကျုံ့လေးဖြစ်နေတဲ့ အနေအထားကနေ မပြောင်းလဲသွားခဲ့ပါဘူး။ အချိန်ကြာလာသည်နှင့်အမျှ ပိုပြီးအားအင်ချိနဲ့လာတဲ့ ထိုပိုးကောင်လေးကို ထိုလူဘယ်လိုဆက်ကူညီရမယ်မှန်း မသိတော့ပါဘူး။

ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကို သိနားလည်သူ များနှင့် နောက်ပိုင်းသူ ဆွေးနွေးကြည့်တဲ့အခါကျမှ အဖြစ်မှန်ကို ပြန်သိရပါတော့တယ်။ “ပိုးတုံးလုံးတို့သည် လိပ်ပြာဘဝသို့ ကူးပြောင်းနိုင်ရန် အလွန်ကျဉ်းသော ထိုအပေါက်မှ ရုန်းထွက် ရမယ်” ဆိုတာကို ဘုရားသခင်သည် ကမ္ဘာဦးကပင် ပြင်ဆင်ထားခဲ့ပါတယ်။ သူရဲ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ အရည်ကြည်များ ဆိုတာကလည်း အတောင်ပံအတွက် လိုအပ်သော အင်အားများ သာလျှင်ဖြစ်ပါတယ်။ သူ့ခန္ဓာကိုယ်သည် အပေါက်သေးသေး ကခွင့်ပြုသော အတိုင်းအတာအထိသာ အပြင်ထွက်ခွင့်ရခြင်း ဆိုသည်မှာ ဤကဲ့သို့ရုန်းကန်တိုးထွက်နေစဉ်အချိန်အတွင်း ခန္ဓာကိုယ်မှအရည်ကြည်များသည် အရှိန်အင်အားတစ်ခုအဖြစ်နဲ့ အတောင်ပံဆီသို့ရောက်ရှိသွားရန်အတွက် ဘုရားသခင် ပြင်ဆင် စီစဉ်ထားခဲ့ခြင်းသာဖြစ်ပါတယ်။ လှပသောလိပ်ပြာတကောင် အတွက် လှပသောအတောင်ပံကလေးတွေကိုပေးဖို့ရန် ထိုကဲ့သို့ ဘုရားသခင်ဖန်ဆင်းခဲ့တာကို သူသဘောပေါက်သွားတဲ့အခါ ယခုလိုကပ်ကြေးနဲ့ညှပ်ပြီး ထွက်ပေါက်ကို ချဲ့ပေးခဲ့သော လုပ် ရပ်သည် ပိုးတုံးလုံးကို သနားရာမရောက်ဘဲ ရက်စက်ရာ ရောက်သွားမှန်း သူသိသွားပါတော့တယ်။

လူ့ဘဝအသက်တာမှာ တခါတရံဒုက္ခဆင်းရဲများတို့ နှင့်ရင်ဆိုင်တွေ့ကြုံရသောအခါများတွင် စိတ်ဓာတ်ကျဖို့နှင့် ဘုရားသခင်ကိုအပြစ်တင်ဖို့မလိုအပ်ပါဘူး။ ဘုရားသခင်သည် ထိုအခြေများထဲမှ သင့်ဘဝကိုသာ၍လှပအောင်ပြုပြင်ဖန်တီးပေးရန် ဤကဲ့သို့ကြုံဆုံစေခြင်းသာဖြစ်ပါသည်။

*ကောင်းစွာသောတိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ (၂တိ ၄း၇)*

*(Quote Magazineတွင်ပါရှိသည့် "Struggle" ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်)*

*စတယ်လာဝေ*